# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

January 9, 2019 Volume 15, Number 5


၉.၁.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၈၂ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၄၄၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၃/ကျပ် |
| CBM Rate | = ၁၅၃၇/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၆၀.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၃၂.၄ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၅၈.၈ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၁၃.၁ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၁၀၀.၁ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၄.၂၇ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၃၁ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၇.၀၆ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၃.၂၈ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၇.၉၄၄ကျပ် |

Source: CBM Rate, etrademyanmar.com

## ပြည်ပသို့တင်ပို့နေသည့် ပဲယင်းကို စိုက်ဧကတိုးချဲ့စိုက်ပျိုးထား

မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိသော ပဲယင်းသည် ကမ္ဘာ့ဈေးကွက်အတွင်း စားသုံးမှုမြင့်တက်လာ၍ ဈေးကောင်းရရှိနေသောကြောင့် ယခင်နှစ်ကထက် ပိုမိုစိုက်ပျိုးထားကြောင်း ပဲယင်းစိုက်ဒေသများရှိ တောင်သူများထံမှသိရသည်။

ပဲယင်းကို ၂၀၁၃ ခုနှစ်လောက်ကတည်းကစပြီး ပြည်ပကိုတင်ပို့ကြောင်း၊ တင်ပို့မှုက နှစ်စဉ်မြင့်တက်နေသလို ဈေးကွက်မှာလည်း ဈေးကောင်းရနေကြောင်း၊ တောင်သူတွေဘက်ကလည်း တိုးချဲ့စိုက်ပျိုးလာကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးသူကပြောသည်။

ပဲယဉ်းကို စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည် နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တို့၌ စိုက်ပျိုးမှုများပြားပြီး တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပဲယင်းစိုက်ဧကမှာ မိုးသီးနှံအဖြစ် စိုက်ဧက ၃၇၀၀၀ ကျော်ရှိကာ အထွက်တင်းလေးသိန်းကျော် ရှိသည်။ ဆောင်းသီးနှံအဖြစ် စိုက်ဧက ၉၀၀၀၀ ကျော်ရှိပြီး အထွက် တင်း ၁၃ သိန်းကျော်အထိရှိကြောင်းသိရသည်။

အခြားဈေးကောင်းတဲ့ သီးနှံတွေရှိပေမယ့် ပဲယင်းက ပြည်ပကို နှစ်တိုင်း တန်ချိန် တစ်သောင်းကျော်တင်ပို့ရကြောင်း၊ တခြားသီးနှံတွေနဲ့ယှဉ်ရင် စတင်တင်ပို့ကတည်းက တန်ချိန်များကြောင်း၊ ကမ္ဘာ့ဈေးကွက်မှာဆိုရင်လည်း ဈေးကွက်အင်အားကြီးတဲ့ နိုင်ငံတွေက မှာယူတင်သွင်းကြကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှ ပဲကုန်သည်ဦးစိုးမြင့်ကပြောသည်။ မြန်မာ့ပဲယင်းကို စပိန်၊ ပြင်သစ်၊ အမေရိကန်စသည့်နိုင်ငံတို့မှ အများဆုံးတင်သွင်းစားသုံးသည်ကိုတွေ့ရပြီး အာရှတွင်လည်း စင်ကာပူနိုင်ငံမှ တင်သွင်းမှုများပြားကြောင်းသိရသည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1500-expanding-export-rice-bean-acreage-planted.html

## စစ်တွေဆိပ်ကမ်း လုပ်ငန်းတာဝန်တွေယူဖို့ အိန္ဒိယအဆင်သင့်ဖြစ်

အရှေ့ကြည့်မူဝါဒကို အဓိကတိုးမြှင့်ဆောင်ရွက်နေတဲ့ အိန္ဒိယအစိုးရက အိမ်နီးချင်း မြန်မာနိုင်ငံစစ်တွေဆိပ်ကမ်းကွပ်ကဲမှုကို တာဝန်ယူဆောင်ရွက်ဖို့ အသင့်ဖြစ်နေပြီဖြစ်ကြောင်း ပြောကြားလိုက်ပါတယ်။

စစ်တွေဆိပ်ကမ်းက အခြေခံအဆောက်အအုံတွေကို အိန္ဒိယရဲ့အကူအညီနဲ့ တည်ဆောက်ခဲ့တာဖြစ်ပြီး အခုစတင်လည်ပတ်ဖို့ အဆင်သင့်ဖြစ်နေပြီလို့


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com

အိန္ဒိယအစိုးရ ရေကြောင်းနဲ့ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဆိုင်ရာ ဝန်ကြီး Mansukh L. Mandaviya က အိန္ဒိယ အောက်လွှတ်တော်အမတ် Rajya Sabha ရဲ့ အမေးကို စာနဲ့ပြန်လည်ဖြေကြားခဲ့ကြောင်း Sputnik သတင်းမှာ ဖော်ပြထားပါတယ်။ စစ်တွေဆိပ်ကမ်းတည်ဆောက်ရေးဟာ ကုလားတန်ဘက်စုံစီမံကိန်းရဲ့ အစိတ်အပိုင်းတခု ဖြစ်ကြောင်းနဲ့ ဒီစီမံကိန်းကို အိန္ဒိယ-မြန်မာ ၂ နိုင်ငံ ရေလမ်းကုန်းလမ်း သယ်ယူပို့ဆောင်ရေးအတွက် ရည်ရွယ် လုပ်ဆောင်တာဖြစ်ပြီး၊ စစ်တွေဆိပ်ကမ်းနဲ့ အိန္ဒိယအရှေ့ခြမ်းက ဆိပ်ကမ်းတွေအားလုံးကို ၂ နိုင်ငံ ကုန်သင်္ဘော တွေအတွက် အသုံးပြုမှာဖြစ်ကြောင်းလည်း ဝန်ကြီး Mansukh ကပြောပါတယ်။

ဒါ့အပြင် ဒီစီမံကိန်းကနေ အိန္ဒိယအရှေ့မြောက်ဒေသအတွက် ဆက်သွယ်ရေးလမ်းကြောင်းသစ်တခုဖြစ်လာစေပြီး ကုန်သွယ်ရေးနဲ့ရင်းနှီးမြှုပ်နှံမှုတွေ ရလာစေဖို့ဖြစ်ကြောင်းလည်းပြောပါတယ်။ စစ်တွေဆိပ်ကမ်းနဲ့ စစ်တွေ- ပလက်ဝ ကုန်းတွင်းရေကြောင်းလမ်းအတွက် စီစဉ်ကွပ်ကဲမှုဆိုင်ရာ သဘောတူစာချုပ်ကို မနှစ်က အောက်တိုဘာလ ၂၂ ရက် နေ့မှာ အိန္ဒိယနဲ့ မြန်မာ ၂ နိုင်ငံကြား ချုပ်ဆိုခဲ့ကြပါတယ်။ တရုတ်အစိုးရရဲ့ စီးပွါးရေးစင်္ကြံနဲ့ ခါးပတ်လမ်းစီမံကိန်းကို တန်ပြန်ဆောင်ရွက်တဲ့အနေနဲ့ အိန္ဒိယက အရှေ့တောင်အာရှနိုင်ငံတွေနဲ့ ဆက်သွယ်နိုင်ရေးကို အပြင်းအထန် လုပ်ဆောင်နေတာဖြစ်ပါတယ်။

**Source:** https://burmese.voanews.com/a/4734850.html

## EU စျေးကွက်သို့ ပြည်တွင်းမှ ငါးပုစွန်ပြုပြင်ထုတ်လုပ်သည့် စက်ရုံ ၂၃ ရုံထိ တိုးမြှင့်တင်ပို့ခွင့်ရရှိ

EU (ဥရောပနိုင်ငံများ) စျေးကွက်အတွင်းသို့ မြန်မာပြည်တွင်းမှ ငါးပုစွန်ပြုပြင်ထုတ်လုပ်သည့် စက်ရုံ ၂၃ ရုံအထိ တိုးမြှင့်တင်ပို့ခွင့်ရရှိခဲ့ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းဦးစီးဌာနမှသိရှိရသည်။ သဘာဝကဖမ်းဆီးရမိတဲ့ ရေချို၊ ရေငံငါး၊ ပုစွန်တွေကို တင်ပို့ခွင့်ရတာဖြစ်ပြီး ၂၃ ရုံထဲက ၁၇ ရုံကိုတော့ မွေးမြူရေးငါး၊ ပုစွန်တွေ တင်ပို့ခွင့်ရအောင် EU ကို တင်ပြထားကြောင်း၊ ရေလုပ်ငန်းကဏ္ဍ ပြည်ပတင်ပို့မှုမြင့်တက်လာအောင် စက်ရုံတွေအားလုံးနဲ့ မြန်မာနိုင်ငံ ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းကြိုးပမ်းဆောင်ရွက်နေပြီး တင်ပို့တဲ့နိုင်ငံတွေရဲ့ စံချိန်စံနှုန်းတွေနဲ့ ကိုက်ညီအောင် ဆောင်ရွက်နေကြောင်း၊ တင်ပို့မည့်စက်ရုံများကို စစ်ဆေးသည့်အဖွဲ့တွင် ပါဝင်သူ၊ မြန်မာနိုင်ငံငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

EU ဝက်ဘ်ဆိုက်၏ ထုတ်ပြန်ချက်အရ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်း လှိုင်သာယာမြို့နယ်ရှိ TT Cold Store စက်ရုံနှင့် A and N Foods (Myanmar) ကုမ္ပဏီတို့က ထပ်မံတင်ပို့ခွင့်ရခဲ့ခြင်းဖြစ်ကာ ၎င်းတို့ကို မြန်မာနိုင်ငံငါး လုပ်ငန်းဦးစီးဌာနကစိစစ်၍ ၂၀၁၈ ခုနှစ် အောက်တိုဘာလအတွင်း ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်မြို့ရှိ အီးယူ ကော်မရှင်ရုံးသို့ တင်ပြခဲ့ကြောင်း သိရသည်။ Food Safety ပိုင်းနဲ့ ပတ်သက်ပြီး EU နဲ့ မြန်မာလုပ်ငန်းရှင်တွေ ပူးပေါင်းဆောင်ရွက်မှုကြောင့် အခုလိုတိုးမြှင့်တင်ပို့ခွင့်ရခဲ့တာဖြစ်တယ်။ ပြည်တွင်းမှာ လုပ်နိုင်ကိုင်နိုင်တဲ့စွမ်းရည်တွေ ရှိတယ်။ ဒီထက်လည်း ငါးလုပ်ငန်းကဏ္ဍကို တိုးတက်လာအောင် ပူးပေါင်းဆောင်ရွက်မှုတွေလုပ်ဆောင်ရမယ်ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဒေါ်တိုးနန္ဒာတင်ကပြောသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၀၉ ခုနှစ်မှ စတင်၍ ၂၀၁၈ ခုနှစ်အထိ EU ပြဌာန်းသတ်မှတ်ချက်များနှင့်ကိုက်ညီသည့် ပြည်တွင်း ငါး၊ ပုစွန်စက်ရုံ ၂၁ ရုံမှ ရေထွက်ကုန်များကို တရားဝင်တင်ပို့နေခြင်းဖြစ်ပြီး၊ ၂၀၁၈ နှစ်ကုန်ပိုင်းတွင် စက်ရုံ ၂ ရုံ ထပ်မံတိုးမြှင့်တင်ပို့ခွင့် ရခဲ့ခြင်းဖြစ်သည်။ လက်ရှိတင်ပို့ရာတွင် သဘာဝအတိုင်းဖမ်းဆီးရမိသည့်ငါးများကို တင်ပို့ခွင့်ရရှိနေခြင်းဖြစ်ပြီး မွေးမြူထုတ်လုပ်သည့်ငါးများ တင်ပို့ရောင်းချခွင့်ရရှိနိုင်ရေးအတွက်လည်း ဆက်လက်လုပ်ဆောင်နေကြောင်းသိရ သည်။

**Source:** https://www.facebook.com/yadanabonnewspaper/

## ယမန်နှစ်ထက်တိုးတက်လာသော သွင်းကုန်ပမာဏတန်ဖိုး

မြန်မာနိုင်ငံသို့ ပြည်ပနိုင်ငံများမှ တင်သွင်းသည့် သွင်းကုန်တန်ဖိုးသည် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်အထိ ထုတ်ပြန်သည့် ကိန်းဂဏန်းများအရ ယမန်နှစ်ကာလထက် အမေရိကန်ဒေါ်လာ ၅၁ သန်းကျော် တိုးလာခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည့်စာရင်းအရသိရသည်။ သွင်းကုန်များတွင် ရင်းနှီး မြှုပ်နှံမှုကုန်ပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်းစသည်ဖြင့်ရှိပြီး ပင်လယ်ရေကြောင်းကုန်သွယ်မှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၅ သန်းခန့် တိုးမြင့်လာကြောင်းသိရသည်။

နယ်စပ်ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၆၁၃ သန်းဂန်းကျင်ရှိခဲ့ပြီး ယမန်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၃၇ သန်းဂန်းကျင် တိုးမြင့်လာသည်။ သွင်းကုန်များတွင် နိုင်ငံပိုင်သွင်းကုန်နှင့် ပုဂ္ဂလိကသွင်းကုန်ဟူ၍ နှစ်မျိုးရှိပြီး ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများတွင် နိုင်ငံပိုင်သွင်းကုန်မှာ အမေရိကန်ဒေါ်လာ ၂၆၁ သန်းဂန်းကျင်ရှိကာ ယခင်နှစ်ထက်ဒေါ်လာ ၁၃၁ သန်းများပြားခဲ့သည်။ ပုဂ္ဂလိကသွင်းကုန်တွင် အမေရိကန်ဒေါ်လာ ၁၀၉၁ သန်းခန့်ရှိပြီး ယမန်နှစ်ထက် ဒေါ်လာ ၁၃၇ သန်းဂန်းကျင် လျော့နည်းသွားကြောင်း သိရသည်။ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများတွင် နိုင်ငံပိုင်သွင်းကုန်မှာ အမေရိကန်ဒေါ်လာ ၅၆ သန်းဂန်းကျင်ရှိပြီး ယခင်နှစ်ထက် နှစ်သန်းများပြားခဲ့သည်။ ပုဂ္ဂလိကသွင်းကုန်မှာ အမေရိကန်ဒေါ်လာ သန်း ၁၄၅၀ ခန့်ရှိပြီး ယခင်နှစ်ထက် ၂၉ သန်းဂန်းကျင် လျော့နည်းသွားကြောင်းသိရသည်။ လူသုံးကုန်ပစ္စည်းများတွင် နိုင်ငံပိုင်သွင်းကုန်မှာ အမေရိကန် ဒေါ်လာ ၁၃ သန်းဂန်းကျင်ရှိပြီး ယမန်နှစ်ထက် ၁၈ သန်းလျော့နည်းခဲ့သည်။ ပုဂ္ဂလိကသွင်းကုန်မှာ အမေရိကန် ဒေါ်လာ ၇၆၆ သန်းခန့်ရှိပြီး ယခင်နှစ်ထက် ၁၇ သန်းဂန်းကျင် လျော့နည်းသွားကြောင်းသိရသည်။ လူသုံး ကုန်ပစ္စည်းများတွင် ယမန်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၃၅ သန်းဂန်းကျင် လျော့နည်း သွားကြောင်း သိရသည်။

**Source:** http://www.logisticsguide.com.mm/en/industry-news/export-import/1433-increase-export-amount.html

## မတ်ပဲကို အိန္ဒိယနိုင်ငံနှင့်တရုတ်နိုင်ငံတို့မှ ဝယ်ယူနေခြင်း



မတ်ပဲကို အိန္ဒိယနိုင်ငံနှင့်တရုတ်နိုင်ငံတို့မှ ဝယ်ယူနေခြင်းကြောင့် အသစ်ပေါ်ချိန်တွင်ဈေးကောင်းရလျက် ရှိကြောင်း မန္တလေးပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်းမှသိရသည်။

တရုတ်ကလည်း ၂၀၁၈ ခုနှစ် ဩဂုတ်လကတည်းက ဝယ်ယူနေတဲ့အတွက် ဈေးကွက်ကို တဖက်တလမ်းက အထောက်အကူပြုနေသလို၊ အိန္ဒိယကလည်း ပါမစ်နဲ့ဝယ်ယူနေတာကြောင့် ဒီနှစ်မတ်ပဲပေါ်ချိန်မှာ အဖွင့်ဈေးကောင်းရနေကြောင်း၊ ဒီနှစ်အတွက် မတ်ပဲကအလားအလာကောင်းတဲ့ သီးနှံဖြစ်လာနိုင်ကြောင်း မန္တလေးမြို့၊ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောကြားသည်။

မတ်ပဲဈေးနှုန်းမှာ ၂၀၁၈ ခုနှစ် အိန္ဒိယမှ အဝယ်ရပ်နားလိုက်မှုကြောင့် သီးနှံပေါ်ချိန် တွင် အဖွင့်ဈေးနှုန်းသုံးတင်းဝင် တစ်အိတ်လျှင် ၃၄၀၀၀ ကျပ်သာရှိခဲ့ သော်လည်း ယခုနှစ်တွင် ၇၁၀၀၀ ကျပ် အထိ ဈေးနှုန်းအမြင့်ရရှိနေခြင်းကြောင့် ယခုနှစ်အတွက် အလားအလာကောင်းသည့် သီးနှံဖြစ်သည်ဟု ကုန်သည်များက ပြောကြားခြင်းဖြစ်သည်။ မတ်ပဲက မြန်မာနိုင်ငံမှာရှိတဲ့ တောင်သူဦးရေရဲ့ ၇၅ ရာခိုင်နှုန်း အားထားစိုက်ပျိုးကြတဲ့ သီးနှံဖြစ်တဲ့အတွက် အများဆုံးထွက်ရှိတဲ့သီးနှံဖြစ်ကြောင်း၊ လက်ရှိမှာက နိုင်ငံတော်ကလည်း အားပေးကူညီနေသလို၊ တရုတ်နိုင်ငံနဲ့ အိန္ဒိယနှစ်နိုင်ငံက အပြိုင်ဝယ်ယူလာတဲ့အတွက် တောင်သူတွေမျှော်လင့်ချက်ထားလို့ရတဲ့ သီးနှံအမျိုးအစားဖြစ်လာနေကြောင်းလည်း ဆက်လက်ပြောသည်။ ယခုကဲ့သို့ ဈေးနှုန်းကောင်းများကို ရေရှည်ရောင်းချနိုင်ရန်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိသည့် အပြင် တောင်သူများအခက်အခဲများကို ကူညီဖြေရှင်းပေးမည့် အကြံပေးအဖွဲ့ များကို ဖွဲ့စည်းခဲ့ပြီး လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းလည်းသိရသည်။

မတ်ပဲကို မြန်မာနိုင်ငံအထက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်း ဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြပြီး အောက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြသည်။

**Source:** https://www.facebook.com/myanmaawba/

## GSP/EBA အခွင့်အရေး ပြန်ရုပ်သိမ်းပါက မြန်မာနိုင်ငံအနေဖြင့်ဆန်တင်ပို့ရာတွင် တခြားနိုင်ငံများနှင့် ပိုမိုယှဉ်ပြိုင်ရမည်ဖြစ်ပြီး လက်ရှိတွင် ဆိပ်ကမ်းနှင့်သိုလှောင်ရုံ လုံလောက်စွာမရှိခြင်းက ပိုရှိစိန်ခေါ်မှုဖြစ်လာမည်ဟုဆို



GSP/EBA အခွင့်အရေး ပြန်လည်ရုပ်သိမ်းပါက မြန်မာနိုင်ငံအနေဖြင့် ဆန်တင်ပို့ရာတွင် တခြားနိုင်ငံများနှင့် ပိုမိုယှဉ်ပြိုင်ရမည်ဖြစ်ပြီး လက်ရှိတွင် ဆိပ်ကမ်းနှင့်သိုလှောင်ရုံ လုံလောက်မှုမရှိခြင်းက ပိုရှိစိန်ခေါ်မှုဖြစ်လာနိုင်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်က ဇန်နဝါရီ ၅ ရက်က ရန်ကုန်မြို့ရှိ ကုန်သည်စက်မှုအသင်းချုပ်တွင်ကျင်းပသည့် "Democracy, Poverty and GSP" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတွင် ပြောကြားသည်။

"GSP/EBA အစီအစဉ်အရှိတော့ရင်ရော ကျွန်တော်တို့ဘယ်လိုလုပ်မလဲဆို ကျွန်တော်တို့ တိုင်းပြည်က ပိုယှဉ်ပြိုင်ရမယ်။ ပိုပြီးတော့ တခြားနိုင်ငံတွေနဲ့ ယှဉ်ပြိုင်ရမယ်။ အဲလိုယှဉ်ပြိုင်ဖို့ အတွက်ဆို ကျွန်တော်တို့က လက်ရှိအနေအထားအရ တော်တော်ခက်ပါတယ်။ လက်ရှိအနေအထားအရ ဆိပ်ကမ်းတို့ ဘာတို့ကအစ သိုလှောင်ရုံတွေကအစ လုံလုံလောက်လောက်မရှိသေးဘူး။ အများကြီး ဒါတွေကိုယှဉ်ပြိုင်ပြီးတော့ သွားရမယ့် အနေအထားဖြစ်ပါတယ်" ဟု ဦးရဲမင်းအောင်ကပြောကြားသည်။

လက်ရှိတွင် ဥရောပသမဂ္ဂ(အီးယူ)က ပေးအပ်ထားသည့် GSP/EBA အခွင့်အရေးကြောင့် မြန်မာနိုင်ငံ၏ ဆန်စပါးထုတ်လုပ်မှုသည် အရည်အသွေးမြင့်ဈေးကွက်သို့ တင်ပို့နိုင်ခြင်းအပြင် တင်ပို့မှုဝင်မှုလည်း ဝင်ငွေတိုးတက်ရရှိခဲ့ကြောင်းသိရသည်။ ထုတ်လုပ်မှုကဏ္ဍမှာ အရည်အသွေးနဲ့ပတ်သက်ပြီး အီးယူဈေးကွက်ကို ရောင်းချနိုင်ခြင်းက ဆန်စပါးလုပ်ငန်းတစ်ခုလုံးရဲ့ အလှည့်အပြောင်းကိုဖော်ဆောင်နိုင်တာကိုတွေ့ရသလို ဝင်ငွေအားဖြင့် တိုးတက်လာတာကိုလည်းတွေ့ရကြောင်း ဦးရဲမင်းအောင်ကပြောကြားသည်။ လာမည့်နှစ်များတွင်လည်း မြန်မာနိုင်ငံမှတင်ပို့မည့်ဆန်များအပေါ် ဥရောပသမဂ္ဂ (EU) က ပေးထားသည့် ကုန်သွယ်မှုဆိုင်ရာ အထူးအခွင့်အရေး (GSP) ကို သုံးနှစ်ယာယီရုပ်သိမ်းသွားရန်စီစဉ်နေကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှသိရသည်။

GSP အခွင့်အရေး ပြန်လည်ရုပ်သိမ်းရာတွင် မြန်မာနိုင်ငံမှ တင်ပို့မည့်ဆန်လုံးရှည် အမျိုးအစား (အရှည် ၁၆ မီလီမီတာ) အထက်ဆန်များသည် EU အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် အီတလီနှင့်စပိန်နိုင်ငံတို့၌ စိုက်ပျိုးထုတ်လုပ်နေသော ဆန်အမျိုးအစားဖြစ်ပြီး ယင်းနိုင်ငံများ၏ အကျိုးစီးပွားမထိခိုက်စေရန် အဆိုပါ ဆန်လုံးရှည်အမျိုးအစားကို GSP အခွင့်အရေး ပြန်လည်ရုပ်သိမ်းရန် စီစဉ်နေခြင်းဖြစ်ကြောင်းသိရသည်။ မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ ဆန်တင်ပို့ရာတွင် ပင်လယ်ရေကြောင်းမှသဘောဖြင့် EU အဖွဲ့ဝင်နိုင်ငံများ အာဖရိကနိုင်ငံများသို့ တင်ပို့နေခြင်းဖြစ်ပြီး မူဆယ် ၁၀၅ မိုင်နယ် စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တရုတ်နိုင်ငံသို့လည်း တင်ပို့နေခြင်းဖြစ်သည်။ ၂၀၁၈ ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၁၄ ရက်အထိ ရှစ်လကျော်အတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ တန်ချိန်စုစုပေါင်း ၁ ဒသမ ၅၅၇ သန်းကျော် တင်ပို့ထားပြီး တန်ဖိုးအမေရိကန်ဒေါ်လာသန်း ၅၂၈ သန်းကျော် အထိရရှိထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှသိရသည်။

**Source:** https://news-eleven.com/article/

## ကုန်သည်များအနေဖြင့် စားသုံးသူသက်သာချောင်ချိရေး၊ ထုတ်လုပ်သူမနစ်နာစေရေးအတွက် ကုန်စည်ဈေးနှုန်းမကစားရန်လိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီးပြောကြား

ကုန်သည်များအနေဖြင့် စားသုံးသူသက်သာချောင်ချိရေး၊ ထုတ်လုပ်သူမနစ်နာစေရေးအတွက် ကုန်စည်ဈေးနှုန်းမကစားရန်လိုအပ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကပြောကြားသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မကွေးမြို့ရှိ ကုန်သည်လုပ်ငန်းရှင်များ၊ သီးနှံစိုက်ပျိုးထုတ်လုပ်သည့်လုပ်ငန်းရှင်များ၊ တောင်သူများနှင့်တွေ့ဆုံစဉ် ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ မကွေးတိုင်းဒေသကြီးသည် လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အဓိကထားလုပ်ကိုင်လျက်ရှိပြီး ပြည်ပသို့တင်ပို့ရောင်းချရာတွင် အဓိကအားထားရသည့် ဒေသကြီးဖြစ်ကြောင်း၊ ပဲ၊ ပြောင်း၊ နှမ်း စသောသီးနှံများ အဓိကထားစိုက်ပျိုးထုတ်လုပ်တင်ပို့နေသောဒေသဖြစ်သဖြင့် ကုန်စည်ဒိုင်သည် ရောင်းသူနှင့်ဝယ်သူတို့အား အကျိုးဖြစ်ထွန်းရန် ချိတ်ဆက်ပေးနေသည့် နေရာဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

ကုန်သွယ်မှုတိုးတက်ရေးမှာ အရေးကြီးတဲ့ပို့ကုန်ကဏ္ဍတိုးတက်ရေးမှာ ဈေးကွက်အပြင် အရည်အသွေးကိုပါ တိုးချဲ့ဖို့လိုအပ်မှာဖြစ်သလို သွင်းကုန်ပိုင်းမှာလည်း ရေရှည်စီးပွားရေးဖွံ့ဖြိုးဖို့အတွက် အထောက်အကူပြုမယ့် ရင်းနှီးကုန်စည်များကိုလည်း ပိုမိုတင်သွင်းရမှာဖြစ်ပါတယ်။ မိမိတို့ဝန်ကြီးဌာနအနေနဲ့ ပြည်တွင်းပြည်ပ ကုန်သွယ်ရေးကို တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးကို နည်းလမ်းမျိုးစုံနဲ့ ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောကြားသည်။



ဒီဇင်ဘာ ၁၅ ရက်က မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးသို့ သွားရောက်ပြီး ကုန်သည်လုပ်ငန်းရှင်များ အထူးသဖြင့် ပဲနှမ်းကုန်စည်ဒိုင်များမှ ပုဂ္ဂိုလ်များနှင့်လည်း လိုအပ်သည်များကို မေးမြန်းရန် သွားရောက်တွေ့ဆုံခဲ့ကြောင်း ၎င်းကဆိုသည်။

မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်များ ပြည်ပတင်ပို့ရောင်းချရာတွင် အိမ်နီးချင်းနိုင်ငံများ အထူးသဖြင့် ထိုင်း၊ လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနိုင်ငံတို့နှင့် ယှဉ်ပြိုင်ထုတ်လုပ်ရောင်းချနေရသဖြင့် ကုန်စည်အမျိုးအစားတူပါက အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းချိုသာစွာ တင်ပို့ရောင်းချနိုင်မှသာ ပို့ကုန်ဈေးကွက်ကျယ်ပြန့်လာမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ဒီဇင်ဘာ ၂၉ ရက်က ရန်ကုန်မြို့ရှိ Pan Pacific ဟိုတယ်၌ကျင်းပသည့် မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း (၂၄) ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးတွင်ပြောကြားသည်။

မိမိတို့နိုင်ငံက လယ်ယာထွက်ကုန်များကို ပြည်ပတင်ပို့ရောင်းချရာတွင် အိမ်နီးချင်းနိုင်ငံများ အထူးသဖြင့် ထိုင်း၊ လာအို၊ ဗီယက်နမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံတို့ကို ယှဉ်ပြိုင်ပြီး ထုတ်လုပ်ရောင်းချနေရတာဖြစ်ကြောင်း၊ ကုန်စည်အမျိုးအစားတူပါက ပို့ကုန်ဈေးကွက်မှာ အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းချိုသာစွာနဲ့ စားသုံးသူများလိုအပ်သည့်အချိန်တွင် တင်ပို့ရောင်းချနိုင်မှသာ ပို့ကုန်ဈေးကွက်က ကျယ်ပြန့်လာပြီးတော့ စိုက်ပျိုးသူ တောင်သူများ၊ လုပ်ငန်းရှင်များ၊ ကုန်သည်ပွဲစားများနှင့် နိုင်ငံတော်ပါ အကျိုးဖြစ်မှာဖြစ်ကြောင်း၊ ကုန်ပစ္စည်းများ အရောင်းအဝယ်ပြုရာတွင် ဝယ်ယူသူနဲ့ ကုန်ပစ္စည်းထုတ်လုပ်သူများအကြား ဆက်စပ်မှုရှိရန်နဲ့ အာမခံချက်ရှိရန်လိုအပ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကပြောကြားသည်။

**Source:** https://news-eleven.com/article/

## GSP အခွင့်အရေးကြောင့် မြန်မာနိုင်ငံတွင် အီးယူစျေးကွက် ပို့ကုန်စက်ရုံများ (၅) နှစ်အတွင်း (၁၅) ဆ တိုး

ဥရောပသမဂ္ဂ (အီးယူ)မှ ပေးအပ်ထားသော GSP အခွင့်အရေးကြောင့် မြန်မာနိုင်ငံသို့ အီးယူပို့ကုန်စက်ရုံများ လာရောက်မှုမှာ (၅) နှစ်တာ ကာလအတွင်း (၁၅) ဆ ခန့် မြင့်တက်လာခဲ့ပြီး အလုပ်အကိုင် အခွင့်အလမ်းပေါင်း (၃) သိန်းကျော် ဖန်တီးပေးနိုင်ခဲ့ကြောင်း ကုန်သည်စက်မှုအသင်းချုပ်၌ ကျင်းပသည့် ဘာသာရပ်ဆိုင်ရာပညာရှင် ဟောပြောဆွေးနွေးပွဲတွင် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောသည်။ လိုအပ်မှုတွေများတဲ့နိုင်ငံမှာ အီးယူရဲ့ GSP အခွင့်အရေးကြောင့် ဆင်းရဲမှုလျှော့ချရေးနဲ့ ပို့ကုန်မြှင့်တင် ရေးကို ထိရောက်စွာပံ့ပိုးပေးနိုင်ကြောင်း ဦးအောင်နိုင်ဦးကပြောကြားခဲ့သည်။

၂၀၁၃ ခုနှစ် မတိုင်ခင်က အီးယူစျေးကွက်ကို တင်ပို့နေသည့် CMP အထည်ချုပ်စက်ရုံများ အပါအဝင် စက်ရုံအရေ အတွက်မှာ ၂၄ ရုံသာရှိပြီး အလုပ်အကိုင်အခွင့်အလမ်း ၂၀၃၂၇ ဦးသာ ဖန်တီးပေးနိုင်ခဲ့ကြောင်း၊ ၂၀၁၃ ခုနှစ်တွင် အီးယူအနေဖြင့် မြန်မာနိုင်ငံကို GSP ပြန်လည်ပေးအပ်ပြီးနောက်တွင် အီးယူစျေးကွက်သို့ မြန်မာနိုင်ငံမှ စက်ရုံပေါင်း ၃၂၉ ရုံက ပို့ကုန်များ တင်ပို့နိုင်ကာ အလုပ်ကိုင် အခွင့်အလမ်းပေါင်း သုံးသိန်းကျော်ဖန်တီးပေးနိုင်ခဲ့ကြောင်း DICA စာရင်းအရသိရသည်။

အီးယူရဲ့ GSP အခွင့်အရေး ရပြီးနောက်ပိုင်း ၂၀၁၃ ခုနှစ်မှ စတင်ကာ ၂၀၁၈ ခုနှစ်အထိ အီးယူးစျေးကွက်ကို တင်ပို့ရန်အတွက်ရည်ရွယ်ကာ လာရောက်ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းစက်ရုံပေါင်း (၃၂၉) အထိရှိခဲ့ရာ (၁၅) ဆနီးပါး မြင့်တက်လာခဲ့ကြောင်း ဦးအောင်နိုင်ဦးကဆိုသည်။

လက်ရှိတွင် အီးယူ GSP အခွင့်အရေး ရုပ်သိမ်းခံရမည့်အနေအထားကြောင့် ရင်းနှီးမြှုပ်နှံမှုအချို့ တုံ့ဆိုင်းသွားမှုများလည်းတွေ့ရှိရပြီး၊ မြန်မာနိုင်ငံအနေနှင့် ဒီမိုကရေစီစနစ်ကို တက်လှမ်းသည့်ကာလအနေအထားတွင် ဆင်းရဲမွဲတေမှုကိုလျှော့ချပေးနိုင်ရန်လိုအပ်ရာ GSP အခွင့်အရေးက အရေးပါသည့် ထောက်ပံ့မှုတစ်ခုဖြစ်ကြောင်း ဦးအောင်နိုင်ဦးကဆက်ပြောကြားခဲ့သည်။

**Source:** http://www.etrademyanmar.com.mm/NewsDetails.aspx?News=%2019891

## STOCK EXCHANGE (9.1.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 9th Jan. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,900 | -100 | -1.00% | 9,900 | 9,900 | 9,900 | 1,088 | 10,771,200 | 27,112,747 | 268,416 |
| MTSH | 00002 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 225 | 675,000 | 38,929,150 | 116,787 |
| MCB | 00003 | 7,200 | +0 | +0.00% | 7,200 | 7,200 | 7,200 | 57 | 410,400 | 10,400,986 | 74,887 |
| FPB | 00004 | 22,500 | +0 | +0.00% | 22,500 | 22,500 | 22,500 | 503 | 11,317,500 | 2,472,053 | 55,621 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,750 | 2,800 | 2,750 | 368 | 1,021,700 | 12,212,906 | 34,196 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 402.79 | -1.99 | -0.49% | 402.79 | 402.79 | 402.79 | 2,241 | 24,195,800 | 5 | 549,907 |


**Index chart**




# Market Overview

As of 12:00 pm, 9th Jan. 2019

| MYANPIX | 402.35 ▼ 2.43 |
|---|---|
| Total Volume (shares) | 1,449 |
| Total Value (MMK) | 15 mil |
| Listed Company | 5 |
| Market Cap. (MMK) | 549,296 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,900 | ▼ 100 |
| MTSH | 00002 | 3,000 | ▲ 0 |
| MCB | 00003 | 7,200 | ▲ 0 |
| FPB | 00004 | 22,500 | ▲ 0 |
| TMH | 00005 | 2,750 | ▼ 50 |